## မြန်မာနိုင်ငံအတွင်း ဖမ်းဆီး၊ ဖိနှိပ်ခံနေရတဲ့အမျိုးသမီးတွေအတွက် မြန်မာအမျိုးသမီးအဖွဲ့ချုပ် စည်းရုံး လှုပ်ရှား ၂၈ နိုဝင်ဘာ ၂၀၀၇

နိုဝင်ဘာလ ၂၅ ရက်နေ့မှာကျရောက်တဲ့ နိုင်ငံတကာလူအခွင့်အရေး၊ ခုခံကာကွယ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအတွင်းမှာ အမျိုးသမီးတွေ အကြမ်းဖက်ခံနေရတာနဲ့ပတ်သက်ပြီး ကုလသမဂ္ဂကို အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) **WLB** ကတောင်းဆိုလိုက်ပါတယ်။ ဒီသတင်းနဲ့ပတ်သက်ပြီး ဗီအိုအေ မြန်မာပိုင်းအစီအစဉ်က ဒေါ်ခင်စိုးဝင်းက ထိုင်းနိုင်ငံကနေ သတင်းပေးပို့ထားပါတယ်။

နိုဝင်ဘာလ ၂၅ ရက်နေ့ကကျရောက်ခဲ့တဲ့ နိုင်ငံတကာအမျိုးသမီးများ အပေါ်အကြမ်းဖက်မှု ပပျောက်ရေးနေ့ကနေစပြီးတော့ ဒီဇင်ဘာလ ၁၀ ရက်နေ့မှာ ကျရောက်တဲ့ နိုင်ငံတကာလူ့အခွင့်အရေးနေ့အထိ ၁၆ ရက်ကြာ အမျိုးသမီးအရေး စည်းရုံးလှုံ့ဆော်ပွဲတွေကို ကမ္ဘာတဝှမ်း (၁၀) နိုင်ငံမှာ စည်းရုံးလှုံ့ဆော်နေတဲ့အနေနဲ့ မနက်ဖန်ကျရောက်မယ့် နိုင်ငံတကာလူ့အခွင့်အရေး ခုခံကာကွယ်စောင့်ရှောက်ရမယ်နေ့ အကြိုအဖြစ်နဲ့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ကနေ အခုလိုတောင်းဆိုလိုက်တာလို့ အထွေထွေအတွင်းရေးမှူး မနန်းယဉ် က ဗီအိုအေကို အခုလိုပြောပြပါတယ်။

> “ဖမ်းခံထားရတဲ့ အမျိုးသမီးတွေတင်မဘဲနဲ့ ဒီလှုပ်ရှားမှုတွေမှာပါတဲ့အမျိုးသမီးတွေဟာ ပုန်းရှောင်နေကြရတာတွေရှိတယ်။ တချို့ဆိုလို့ရှိရင်လည်း လွတ်လိုက်ပြီဆိုပြီးတော့မှ အိမ်ပြန်မရောက်တာတွေ၊ ပျောက်နေတဲ့အမျိုးသမီးတွေလည်းရှိတယ်။ ဒီအနေအထားတွေကိုလည်း သေသေချာချာပေ့ါနော်လုံခြုံစွာနဲ့ပြန်ရောက်နိုင်ဖို့ဆိုတာကိုလည်း ကျမတို့ကပြောတယ်။ အဲဒါတွေကို အာမခံနိုင်ဖို့ဆိုလို့ရှိရင် ကုလသမဂ္ဂအမျိုးသမီးများဆိုင်ရာ အထူးစုံစမ်းရေးအဖွဲ့ကို လွှတ်ပြီးတော့မှပေ့ါနော်၊ အဲဒီအရာရှိတဦးကို လွှတ်ပေးတော့မှ ဒီအခြေအနေတွေနဲ့ပတ်သက်ပြီး ကျမတို့ခေါ်ထား တာရှိပါတယ်။”

*မနန်းယဉ်တို့ရဲ့ စည်းရုံးလှုံ့ဆော်မှုတွေမှာ ဘယ်လိုပုံစံမျိုးတွေနဲ့ စည်းရုံးလှုံ့ဆော်ဖို့စီစဉ်ထားတာပါလဲ –*

> “စာပို့တာဖြစ်ရင်ဖြစ်မယ်၊ ဆန္ဒပြတာတွေဖြစ်ရင်ဖြစ်မယ်ပေ့ါနော်၊ သူတို့လုပ်နိုင်တဲ့နိုင်ငံ အလိုက် လှုပ်ရှားမှုတွေကတဆင့် သူတို့အစိုးရတွေဆီရောက်အောင်၊ အစိုးရတွေကတဆင့် ကျမတို့မြန်မာပြည်ရဲ့ စစ်အစိုးရဆီကို Pressure (ဖိအား) တွေပေးနိုင်အောင် ကျမတို့ကခေါ်ထားတာဖြစ်ပါတယ်။”

*အခုလို **WLB** ရဲ့ စည်းရုံးလှုံ့ဆော်မှုတွေအပေါ်မှာ နိုင်ငံတကာကနေ ဘယ်လိုတုံ့ပြန်တဲ့ အနေအထားတွေ တွေ့ရပါသလဲ၊ တကယ်လို့ **WLB** ကတောင်းဆိုမှုတစုံတရာကို တိုးတက်မှုတစုံတရာမတွေ့ရဘူးဆိုရင်ကော ဘာဆက်လုပ်ဖို့ရှိပါလဲ –*

> “တုံ့ပြန်မှုဆိုတဲ့ဥစ္စာမျိုးကိုတော့ အခုချိန်မှာမမြင်သာသေးပါဘူး။ ဒါပေမယ့် ဘယ်လိုဘဲဖြစ်ဖြစ် ကျမတို့က လုပ်ရမယ့်အလုပ်တွေကိုတော့ လုပ်သွားမယ်။ တကယ်လို့ ဒီလှုပ်ရှားမှုတွေကြားထဲမှာ၊ ကျမတို့ကတော့ ဒီဇင်ဘာ ၁၀ ရက်ကြားထဲမှာ အမျိုးသမီးတွေကို ပြန်လွှတ်ဖို့တောင်းဆိုထားတာရှိတယ်။ ဒါပေမယ့် ဒီဟာကို လက်ရှိ စစ်အစိုးရက မလိုက်နာဘူးဆိုရင်လည်း ကျမတို့ကတော့ ကျမတို့ Network ကနေတဆင့်၊ အမျိုးသမီးတွေကနေတဆင့် ဒီ စုံစမ်းစစ်ဆေးရေးသွားနိုင်ဖို့ကို ဆက်ပြီးတော့မှ တွန်းအားပေးသွားမယ်။ တပြိုင်နက်ထဲမှာလည်း ကျမတို့က ဆက်ပြီးကြိုးစားသွားချင်တာတွေရှိပါတယ်။ မြန်မာပြည်မှာဖြစ်နေတဲ့အနေထားတွေကို ပြီးခဲ့တဲ့ မစ္စတာ ဂမ်ဘာရီ သွားတုန်းကလည်းတောင်းဆို ထားတာရှိပါတယ်။ စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတာကို စတင်ဖို့ တောင်းဆိုထားတာရှိတယ်။ ဒီတွေ့ဆုံဆွေးနွေးရေးတွေမှ

တကယ့်အပြောင်းလဲကို မြင်တွေ့ရမှာပါ။ ဒါကြောင့် နိုင်ငံရဲ့ပြဿနာတွေ ဖြေရှင်းနိုင်မယ့်နည်းလမ်းတွေ ထွက်ပေါ်လာနိုင်မယ်လို့ ကျမတို့က ယုံကြည်တယ်။”

*WLB အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ကနေပြီးတော့ ဒီလိုတောင်းဆိုမှုတွေလုပ်လာတာ နှစ်တွေလည်း အတော်ကြာခဲ့ပါပြီလေ၊ ဒီတခါကြိုးစားတာ မအောင်မြင်ခဲ့ရင်ပေါ့လေ ဘာတွေဆက်ပြီးတော့ လုပ်ရအဖို့ ရှိပါသလဲ၊ WLB ကတောင်းဆိုတာတွေကို အကောင်အထည်ဖော်နိုင်ဖို့အလားလာကကော ဘယ်လိုရှိပါသလဲ –*

“ခုဆိုလို့ရှိရင် တက်တက်ကြွကြွနဲ့ ပါဝင်ပြီးလုပ်နေတဲ့အမျိုးသမီးတွေဟာ ပြည်တွင်းမှာ အားလုံး ပေါ့နော်၊ သတင်း မီဒီယာတွေမှာလည်း ကြားကြတဲ့ဟာလည်းရှိမှာဘဲ၊ ဒီအမျိုးသမီးတွေဟာ ကလေးငယ်တွေကို ပစ်ထားပြီးတော့မှ တကယ်ပဲလှုပ်ရှားနေကြတာလည်းရှိတယ်၊ ပုန်းရှောင်နေတာတွေ လည်းရှိတယ်၊ ထောင်ထဲမှာရှိနေတာတွေလည်း ရှိတယ်။ တကယ်အမျိုးသမီးတွေဟာ အကြမ်းဖက်မှုပေါ့နော်၊ သားကောင်တွေဖြစ်နေကြရတယ်။ လိင်ပိုင်းဆိုင်ရာ စော်ကားမှုတွေ၊ လိင်ပိုင်းဆိုင်ရာ အဓမ္မပြုကျင့်မှုတွေပါ ခံရတယ်၊ ဒီအနေအထားတွေအားလုံးကဆိုလို့လို့ရှိရင်၊ နိုင်ငံတကာ Law (ဥပဒေ) အနေနဲ့ ကြည့်မယ်ဆိုလို့ရှိရင် ကြီးမားတဲ့ စစ်ရာဇဝတ်မှုတခုလိုဖြစ်နေတယ်ဆိုတာလည်းဖြစ်တယ်။ ဆိုတော့ ကျမတို့က ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေတဆင့် တစုံတရာစုံစမ်းစစ်ဆေးမှုတွေ လုပ်လှုပ်ရှားမှုတွေဖြစ်အောင်တော့ ကျမတို့ကြိုးစားသွားဖို့အစီစဉ်တွေရှိပါတယ်။”

WLB ကနေကြီးမှူးကျင်းပမယ့် မြန်မာအမျိုးသမီးများအရေး စည်းရုံးလှုံ့ဆော်ပွဲတွေကို ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဟောင်ကောင်၊ ဂျပန်၊ ဗြိတိန်၊ အိုင်ယာလန်နဲ့ ချက်သမ္မတနိုင်ငံတွေမှာ စည်းရုံးလှုပ်ရှားသွားမယ်လို့ သိရပါတယ်။